# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
# အလုပ်လျှောက်လွှာခေါ်ယူခြင်း
# ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
# (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးချုပ်) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရရှိသော အငယ်တန်းစာရေးရာထူး (၁၂) နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၈-၂-၂၀၂၃ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်သူ ဖြစ်ရမည်။

(ဂ) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ Computer ကျွမ်းကျင်သူများကို ဦးစားပေးမည်။

(ဃ) ရွေးချယ်ခံရပါက ကော်မရှင်မှစေလွှတ်မည့် သင်တန်းများ တက်ရောက်နိုင်ရမည်ဖြစ်ပြီး ကော်မရှင်နှင့် အနည်းဆုံး (၂) နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(င) ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက အသက်ကန့်သတ်ချက်ကို လျော့ပေါ့စဉ်းစားမည်။

(စ) ဌာနဆိုင်ရာများမှ ဝန်ထမ်းများလျှောက်ထားလိုပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။ ကော်မရှင်တွင်ခန့်အပ်ခြင်းခံရပါက သက်ဆိုင်ရာဌာနမှ နုတ်ထွက်ရမည်ဖြစ်သည်။

၂။ ကိုယ်တိုင်ရေးလျှောက်လွှာ (Curriculum Vitae (CV) Form) နှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

- ဘွဲ့လက်မှတ်မိတ္တူမှန်၊
- အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန်၊
- နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန်၊
- သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆) လအတွင်း ရရှိထား သည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- အလုပ်သမားမှတ်ပုံတင်ကတ် မိတ္တူမှန်၊
- တစ်လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃) ပုံ၊ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
- အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံအထောက်အထားမိတ္တူများ၊

- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးဦး၏ ထောက်ခံချက်မူရင်း။

၃။ လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့ စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ရက်အား သီးခြားအကြောင်းကြားမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင် ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏ မူရင်းများ တင်ပြရမည်။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် (ရုံးချုပ်)၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် ဖြစ်စေ၊ မှတ်ပုံတင်ပို့စာ (အမြန်ချောပို့) စနစ်ဖြင့်ဖြစ်စေ (၂၈-၂-၂၀၂၃) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် - ၀၁- ၆၅၄၆၈၁ မှ ၆၅၄၆၈၄ Ext: ၈၀၁၊ ၈၃၆ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်